ဘာသာပြန် စာရေးဆရာ - Yuuki

Erata Team

# စီအီးအိုရဲ့ ဗီလိန်ငယ်သူငယ်ချင်း

(ချောင်မော့ယို)

စာစဉ် - ၁

## အခန်း(၁)

## သွေးဆောင်ဖြားယောင်းတဲ့ပုံရိပ်တစ်ခု (၁)

"အဟွတ် အဟွတ်"

ချောင်မော့ယွီက သူမအိပ်ရန်ကြိုးစားနေစဉ် အိပ်ရာခင်းက သူမမျက်နှာကို ဖုံးနေကာ အသက်ရှူရန် ခက်ခဲလာသည်ဟု ခံစားလိုက်ရသည်။

သူမ အားစိုက်ထုတ်ကာ မျက်လုံးကို ဖွင့်လိုက်သော်လည်း မြင်လိုက်ရသည့် မြင်ကွင်းကြောင့် သတိလစ်မတတ် ဖြစ်သွားရပေ၏။

သူမ၏မျက်စိရှေ့၌ ကြည်လင်နေသည့် ပြတင်းပေါက်များနှင့် ရုံးခန်းတစ်ခန်းအပါအဝင် နေရာလွတ်အကျယ်ကြီး ရှိနေသည်။

နေရောင်ခြည်နွေးနွေးလေးက အခန်းကျယ်ကြီးသို့ ဖြာကျနေသည်။ အခန်းအတွင်းပိုင်း၌ အလွန်အမင်း သန့်ရှင်းသပ်ရပ်နေသောကြောင့် လေထဲ၌ လွင့်မျောနေသည့် ဖုန်မှုန့်တစ်စလေးကိုတောင် မမြင်ရပေ။

သူမ၏နံဘေး၌တော့ လက်တစ်ဖက် ရှိနေကာ အဖြူရောင်အင်္ကျီလက်ကို လက်ဖျံအထိဆွဲတင်ထားပြီး အလွန်အမင်း အရည်အသွေးကောင်းမွန်သည့် လက်ကြယ်သီးအား အသားပေး ဖော်ပြနေသကဲ့သို့ဖြစ်နေသည်။

ထိုရှည်လျားသည်လက်မောင်းကို ချီးကျူးနေရင်းဖြင့် ချောင်မော့ယွီက သူမ၏အကြည့်အား လက်ပိုင်ရှင်ဆီသို့ ရွေ့လိုက်လေသည်။

ထိုလက်ပိုင်ရှင်၏ ထူးချွန်ထက်မြက်ဟန်ရသည့် မျက်နှာပြင်အစိတ်ပိုင်းများဟာ မြင့်မြတ်ပြီး ခံစားချက်မရှိသည့် ပင်ကိုယ်စရိုက်ကို ပေါ်လွင်နေ

စေသည်။ ထိုလူက မျက်မှောင်အကြီးကြီး ကျုံ့ထားဟန်ရပြီး သူ၏မျက်ခုံးများဟာလည်း အလွန်အမင်း တွန့်ချိုးထားကာ မျက်နှာအရေးအကြောင်းအနည်းငယ်ပင် ပေါ်နေချေပြီ။

သူက အလွန်အမင်း မပျော်မရွှင်ဖြစ်နေဟန်ရသည်။ သူ့အရှေ့က မိန်းကလေးကို ကြည့်သောအကြည့်၌ အလွန်မုန်းတီးပြီးစက်ဆုပ်ရွံရှာနေသော အကြည့်တို့အား ရှင်းရှင်းလင်းလင်း မြင်နိုင်ပေသည်။ သူ၏ခန္ဓာကိုယ်က အန္တရာယ်ရှိသည့်အရှိန်အဝါတစ်မျိုး ထုတ်လွှင့်နေပြီး ချောင်မော့ယွီက အကြောင်းအရင်းမရှိစွာ အေးစိမ့်မှုအား ခံစားလိုက်ရသည်။

ဘယ်လိုအခြေအနေမျိုးပါလိမ့်။

ချောင်မော့ယွီ၏ဦးနှောက်တစ်ခုလုံးက အံ့သြမှင်တက်မှုများဖြင့် ပြည့်နေသောကြောင့် သူမ၏လည်ပင်းအား လာရောက်ရစ်ပတ်သောလက်ကြောင့် အသက်ရှူရခက်ခဲလာသည်ကို သတိမထားမိ ကြောင်အနေမိသည်။

ချောင်မော့ယွီ သတိထားမိသည့်အရာမှာကား သူမအရှေ့မှ ထိုလူက သူမ၏လည်ပင်းအား ညှစ်ထားသည်ကိုပင်။

ချောင်မော့ယွီက သူမ၏လည်ချောင်းကို အတင်းအကျပ် ဆုပ်ကိုင်ထားသည့် လက်အပေါ်သို့ မထင်မှတ်ဘဲ ငုံ့ကြည့်မိလိုက်သည်။ သူမ၏ကိုယ်ပိုင်လက်များဟာ အလွန်အမင်းဖြူဖျော့နေပြီး သူမ၏လက်ကောက်ဝတ်၌ အရည်အသွေးကောင်းသည့် လက်ပတ်နာရီတစ်လုံးရှိနေသည်ကို တွေ့မြင်လိုက်ပေသည်။ ချောင်မော့ယွီက ထိုနာရီက မည်သည့်တံဆိပ်ဆိုသည်ကိုမသိသော်ငြားလည်း ထိုအရာက အလွန်အမင်းဈေးကြီးလိမ့်မည် ဆိုသည်ကိုတော့ သိလေ၏။

ငါ ဘာလို့ ဒီအိပ်မက်ကြီးကိုမက်ရတာလဲ၊ အရင်တုန်းက ငါ မက်နေကြအိပ်မက်က အသက်ခက်ခက်ခဲခဲရှူနေရပြီး ငါ့အိမ်ရဲ့ ပြတင်းပေါက်တွေ

အားလုံးက ပိတ်ထားတာလေ၊ အခုတော့ ယောကျာ်းတစ်ယောက်က ငါ့ကို လည်ပင်းညှစ်ထားတဲ့အိပ်မက်၊ ကြည့်ရတာ ဒီတစ်ခါတော့ ငါ့အိပ်မက်တွေက အဆင့်မြင့်သွားတာနဲ့တူပါတယ် အဆင်လေးနဲ့ ခိခိ။

ချောင်မော့ယွီက သူမ၏လက်ကို မြှောက်လိုက်ပြီး သူမလည်ပင်းဆီက အတင်းအကျပ် ဆုပ်ကိုင်ထားသည့်လက်ကို ရှိသမျှအားအကုန်ဖြင့် ဆွဲလိမ်လိုက်တော့၏။

သူမက စူးစူးရှရှအော်ဟစ်ကာ

"ငါ့ကိုလွှတ်၊ နင်ငါ့ကို အသက်ရှူကြပ်အောင်လုပ်နေတာပဲ"

စကားပြောပြီးသည်နှင့် သူမ ရှော့ခ်အကြီးကြီးရသွားလေ၏။

ဒီ...ဒီ အသံက ငါ့အသံမဟုတ်ဘူးလေဟယ်။

အခုလက်ရှိအသံက ထူးဆန်းပြီးတော့ နှစ်လိုဖွယ်ကောင်းပေမဲ့ သူမ အသက်ရှင်စဉ် ကာလတစ်လျှောက်လုံးမှာ သူမကြားဖူးသမျှထဲ ရွံစရာအကောင်းဆုံးနဲ့ ဖြားယောင်းသွေးဆောင်အတတ်ဆုံး အသံ ဖြစ်နေတယ်။

သူမအရှေ့မှထိုသူက ရွံရှာသည့်အကြည့်ဖြင့် သူမလည်ပင်းကို လွှတ်ပေးလိုက်ပြီးတော့ အေးစက်သည့်လေသံဖြင့်

"ချောင်မော့ယွီ မင်းက ရုံဟွမ်းရဲ့ဖိနပ်ဖြစ်ဖို့တောင် မတန်ဘူး၊ မင်း ငါ့အရှေ့မှာ အဝတ်ဗလာနဲ့ရပ်နေရင်တောင်မှ ငါ့မျက်လုံးထဲမှာ ဝက်တစ်ကောင်ကို ကြည့်နေရတာနဲ့တူတူပဲ"

ချောင်မော့ယွီက စိတ်ရှုပ်ထွေးလျက် မျက်တောင်ခတ်လိုက်မိသည်။

သူမက တစ်စုံတစ်ခုကတော့ မှားနေပြီဟု တွေးမိကာ သူမခန္ဓာကိုယ်အား ငုံ့ကြည့်လိုက်သည်။ တစ်ချက်ကြည့်လိုက်သည်နှင့် သူမ၏စိတ်ဟာ ပေါက်ကွဲလုမတတ်ဖြစ်သွားကာ ရူးချင်သွားမိသည်။

သူမက ဦးခေါင်းမှခြေဖျားအဆုံး မည်သည့်အရာမှ မဝတ်ထားပေ။

အိပ်မက်ဆိုရင်တောင်မှ ဒီ...ဒီဟာက အရမ်းကို ပွင့်လင်းမြင်သာလွန်းတယ်လေဟယ်။

ချောင်မော့ယွီ၏စိတ်ဟာ ပေါက်ကွဲလုမတတ်ဖြစ်နေသော်လည်း သူမ၏မသိစိတ်က ချက်ချင်း ခြေကျုံ့ထိုင်လိုက်ကာ အဓိကနေရာများကို ဖုံးကွယ်လိုက်ပေ၏။ သူမက သေမတတ် ကြောက်လန့်နေသော်ငြားလည်း သူမ၏အမူအရာအား မပျက်ယွင်းသွားအောင် ဖြည်းဖြည်းချင်း ပြန်တည်ငြိမ်လိုက်ရပေသည်။

ချောင်မော့ယွီ၊ ရုံဟွမ်း၊ ယွီရှိုဟွမ်လား။

ဒီ...ဒီနာမည်တွေက ငါမနေ့ညကဖတ်လိုက်တဲ့ 'ရုပ်ရှင်လောကဧကရီရဲ့ သစ္စာတော်ခံခွေးလေးစီအီးအို' ဝတ္ထုဆီက ဇာတ်ကောင်နာမည်တွေမလား။

အမျိုးသမီးဇာတ်ဆောင်က နောက်ပိုင်း၌ ရုပ်ရှင်လောက၏ဧကရီဖြစ်လာမည့် ယွီရှိုဟွမ်ဖြစ်လေသည်။ ဝတ္ထု၏ သစ္စာတော်ခံခွေးလေးကမူ စီအီးအို ရှင်းရီချန် ပဲဖြစ်လေသည်။ ထိုဝတ္ထု၏ဗီလိန်မမက ချောင်မော့ယွီဖြစ်ပြီး သူမ၏နာမည်နှင့်ဆင်တူနေပေ၏။

တကယ်တော့ ဤသို့နာမည်ဆင်တူသည်က အရေးမကြီးပေ။ အဓိကကတော့ ဒီဗီလိန်မမက အတော်ကို ပိန်းတိန်းပြီး ညဏ်နည်းသည့် ဇာတ်ကောင်တစ်ဦးဖြစ်နေခြင်းပင်။

သူမ၏မိသားစုနောက်ခံအင်အားက အလွန်အမင်း တောင့်တင်းကောင်းမွန်သည့်အပြင် ထိုဗီလိန်မမက အတော်လေး လှပလေသည်။ သို့ပေမဲ့ ထိုဗီလိန်မမက သူမအပေါ်နှစ်သက်ခြင်းမရှိသည့် အဓိက ဇာတ်ဆောင် ရှင်းရီချန်ကို လုပ်ကြံပေ၏။

ရှင်းရီချန်နှင့် ချောင်မော့ယွီက ငယ်ငယ်လေးကတည်းက တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန်သိကျွမ်းပြီး ငယ်သူငယ်ချင်းဟု မှတ်ယူလို့ရသည်။ ချောင်မော့ယွီ အသက်၁၃နှစ် ရောက်သည့်အချိန်၌ အသက်၁၇နှစ် ရှိပြီဖြစ်သည့်အမျိုးသားဇာတ်ဆောင်ကို အပတ်တကုတ်ကြိုးကြိုးစားစားလိုက်လေသည်။

သို့ပေမဲ့ သူမ သေချာမသိသည်က ချောင်မော့ယွီသည် မီးဒဏ်ရာကိုပြည်ပသို့သွားပြီး ဆေးကုသမှုခံယူပြီးသည့်နောက်၌ ထိုအမျိုးသားဇာတ်ဆောင်က သူမကို အေးတိအေးစက် ဆက်ဆံလာတော့သည်။ အချိန်ငါးနှစ်မကုန်ဆုံးခင်၌ ထိုလူက အမျိုးသမီးဇာတ်လိုက်နှင့် တွေ့ဆုံခဲ့ပြီး မြင်မြင်ချင်း ချစ်မိသွားလေသည်။

ထို့နောက် ဇာတ်လိုက်မဖြစ်သည့်ယွီရှို့ဟွမ်က ရှင်းရီချန်ကို သူမ ငယ်ငယ်လေးကတည်းက ပြန်ပေးဆွဲခံရဖူးကြောင်းနှင့် သွေးရင်းသားရင်းမိဘများဖြင့် ကွဲကွာနေခဲ့ရကြောင်း ပြောပြလေသည်။ သူမက သူ့ကို သွေးရင်းသားရင်းမိဘများအား ရှာဖွေပေးရန် အကူအညီတောင်းခဲ့ပေသည်။ ရလဒ်အနေနှင့် အမျိုးသားဇာတ်ဆောင်က ချောင်မော့ယွီတို့မိသားစု၏နောက်ကြောင်းအား မထင်မှတ်ဘဲ သိရှိသွားခဲ့ရာ ယွီရှို့ဟွမ်သာလျှင် ချောင်မိသားစု၏သမီးအရင်းချာ ဖြစ်ကြောင်းရှာဖွေတွေ့ရှိသွားခဲ့သည်။

သည်လိုဖြင့် အမျိုးသမီးဇာတ်ဆောင်က သူမ၏သွေးရင်းသားရင်းမိဘများနှင့် တရားဝင်တွေ့ဆုံခွင့်ရပြီး ချောင်မိသားစု၏ ဖူးဖူးမှုတ်မင်းသမီးတစ်ပါး ဖြစ်လာခဲ့သည်။ ချောင်မော့ယွီကတော့ နေ့ချင်းညချင်း ပင်တိုင်စံမင်းသမီးလေးဘဝမှ မွေးစားကလေးအဆင့်သို့ ဈာန်လျောသွားတော့သည်။ အပိုဆောင်းအနေဖြင့် ချောင်မော့ယွီက အမျိုးသမီးဇာတ်ဆောင်ကို

သူမ၏မနာလိုရှုစိမ့်မှုကြောင့် ထပ်တလဲလဲ အကောက်ကြံပေရာ ချောင်မိသားစုမှ နှင်ထုတ်ခြင်းခံလိုက်ရလေသည်။

သူမ ကလေးဘဝကတည်းက ချစ်ခင်မြတ်နိုးလာခဲ့ရသည့်အမျိုးသားသည် တစ်နေရာရာမှထွက်ပေါ်လာတဲ့ အမျိုးသမီး၏လုယူခြင်းကို ခံလိုက်ရပြီးနောက် သူမ၏မိသားစုဝင်တွေကိုလည်း ထိုလူတစ်ယောက်တည်းကပဲ ဖြတ်ခုတ်သွားသည်။ ထိုအရာများက ချောင်မော့ယွို၏နှလုံးသားအား မည်းနက်သွားစေသည့် အကြောင်းအရင်းပင်ဖြစ်လေသည်။

***

## အခန်း(၂)

## သွေးဆောင်ဖြားယောင်းတဲ့ပုံရိပ်တစ်ခု (၂)

ချောင်မော့ယွီက အမျိုးသမီးဇာတ်လိုက်နှင့် အခြားအမျိုးသားတစ်ဦး၏ ဓာတ်ပုံနှင့်ဗီဒီယိုများကို အဓိကဇာတ်လိုက် ရှင်းရီချန်ဆီသို့ တိတ်တဆိတ် ပေးပို့ခဲ့သေးသည်။

သူမက ရှင်းရီချန် အရှေ့၌ ကြာပန်းဖြူမလေးအသွင် ဟန်ဆောင်လိုက်သေး၏။ နောက်ဆုံးတော့ ရှင်းရီချန်က သူမ၏ရည်ရွယ်ချက်များကို ရိပ်မိသွားပြီးသည့်နောက် ချောင်မော့ယွီက သူမ အဝတ်အစားများကို တစ်ထည်မကျန် ချွတ်ပစ်ပြီး ရှင်းရီချန်ကို ဆေးခတ်လေတော့သည်။ မချက်ရသေးသည့် ဆန်အစိမ်းက အငွေ့တထောင်းထောင်း ထနေသည့် ချက်ပြီးသားဆန် အဖြစ်သို့ ပြောင်းလဲသွားပါစေဟု မျှော်လင့်ခဲ့တာ ဖြစ်သည်။

သို့ပေမဲ့ သူမက ဒီဇာတ်လမ်း၏ ဗီလိန်ဇာတ်ကောင်ဖြစ်နေလေရာ သူမ၏အကြံအစည်များဟာ မလွဲမသွေ ကျရှုံးမည်ကိုတော့ ပြောနေစရာပင် မလိုတော့ချေ။

ထို့ကြောင့် ချောင်မော့ယွီက ရှင်းရီချန်ကို မည်သို့ပင် မြူဆွယ်စေကာမူ၊ သူမ မည်သည့်အခါမှ ထိုသူ၏ အာရုံစိုက်ခံရခြင်းကို ရရှိမည်မဟုတ်ပေ။ အမျိုးသမီးဇာတ်လိုက်က ရုပ်ရှင်လောက၏ ဧကရီတစ်ပါး ဖြစ်လာရုံသာမက အမျိုးသားဇာတ်လိုက်၏ မပြောင်းလဲသောအချစ်အား သေသည့်အချိန်ထိ ပိုင်ဆိုင်ခွင့် ရသွားပေတော့သည်။

ချောင်မော့ယွီ၊ သည်ရက်စက်တတ်သည့် ငယ်သူငယ်ချင်းက အဆုံး၌

စိတ်မချမ်းမြေ့ဖွယ် အဆုံးသတ်နှင့် ကြုံရပေတော့၏။ သူမ၏ မွေးစားမိဘများက သူမကို လျစ်လျူရှုလိုက်ပြီး သူမ ကလေးကလည်း ပျောက်ဆုံးသွားလေတော့သည်။ သူမ၏ တောင်လိုပုံနေသည့် အကြွေးများအား ပြန်ဆပ်ရန်အတွက် သူမဟာ ခေါင်းပြောင်နေသည့် စီးပွားရေးလုပ်ငန်းရှင်ကြီးများအတွက် ညစ်ညမ်းမှုပေါင်းစုံအား ဖျော်ဖြေပေးခဲ့ရသည်။ အဆုံး၌ လူသန်းပေါင်းများစွာ၏ ရှောင်ဖယ်ခြင်းအား ခံရခဲ့ပေတော့၏။

နောက်တော့ သူမက သူမ ချစ်ရသည့်သူ အရှေ့၌ သူမကို ထိုသူ၏မှတ်ဉာဏ်တွင် တစ်သက်လုံး စွဲမြဲသွားစေရန် မျှော်လင့်ကာ သူမကိုယ်သူမ သေကြောင်းကြံစည် ပြခဲ့ပေသည်။ ကံမကောင်းစွာဖြင့် အမျိုးသားဇာတ်လိုက်က သူမ အတွက် လုံးလုံးဝမ်းနည်းဟန်မပြခဲ့ပေ။ ထိုသူက သူမကို တန်ဖိုးမရှိသည့် ရွံစရာကောင်းသည့် ခြင်သွေးသာသာ သဘောထားခဲ့သည်။ ရှင်းရီချန်က ချောင်မော့ယွီ၏ သေဆုံးနေသည့် ခန္ဓာကိုယ်အား ကြည့်၍ ရွံ့ရှာမုန်းတီးစွာ မျက်မှောင်ကြုတ်ကာ သူမကို ဆွဲထုတ်သွားရန် အခြားသူများအား လျင်မြန်စွာ အမိန့်ပေးကာ သူ၏အော်ကလီဆန်ခြင်း ပပျောက်သွားစေရန်အတွက် သူမကို ခွေးစာကျွေးပစ်ရန် ညွှန်ကြားလိုက်သည်။

သူမနှင့် နာမည်တူနေသည့် ဗီလိန်ဇာတ်ကောင်၏ ဝတ္ထုကို ဖတ်ပြီးသည့်နောက် ချောင်မော့ယွီက အတော်လေး စိတ်ပျက်သွားပေတော့သည်။ ထို့နောက် သူမက ဒီဝတ္ထုကို အမှတ် အနုတ်နှစ်မှတ်ဖြင့် မှတ်ချက်ပေးခဲ့ပြီး အမှတ် သုည ဖြင့် မှတ်ချက် ၉၉ခုတောင်မှ ရေးခဲ့သေးသည်။ ဒီလိုနည်းဖြင့် ချောင်မော့ယွီက ထိုသို့ ခွေးတစ်ကောင်၏ သွေးသာသာ ဇာတ်လမ်းဇာတ်အိမ်အား ရှုတ်ချခဲ့ပေတော့သည်။

သူမ၏ စိတ်မချမ်းမသာ ဖြစ်နေမှုကို ဖြေလျော့ပြီးသည့်နောက် သူမကိုယ်

သူမ သည်ဗုဒ္ဓထုထဲ ကူးပြောင်းသွားခဲ့လိမ့်မည်ဟု မသိလိုက်ဘဲ အိပ်ပျော်သွားခဲ့ပေ၏။

ချောင်မော့ယွီက လက်ရှိ သူမ၏အခြေအနေအား စဉ်းစားလိုက်သည်နှင့် ဝမ်းနည်းစရာကောင်းသည့် အဆုံးသတ်က မရောက်သေးဘူး ဆိုသည်ကိုတော့ သတိပြုလိုက်မိသည်။

အခုလက်ရှိ အခြေအနေအရ အမျိုးသားဇာတ်လိုက် ရှင်းရီချန်က ချောင်မော့ယွီက သူ့ကို နက်နက်ရှိုင်းရှိုင်း ချစ်နေသည်ကို စသိသည့်ကာလ ဖြစ်ပေလိမ့်မည်။

သူတို့နှစ်ယောက်ဟာ ငယ်သူငယ်ချင်းဖြစ်သည့်အတွက်ကြောင့် ရှင်းရီချန်က ထောက်ထားညှာတာမှုဖြင့် ချောင်မော့ယွီအား သူမ၏အကြံအစည်များ နောက်ဆုတ်ပါစေဟူသော မျှော်လင့်ချက်ဖြင့် အကြိမ်အနည်းငယ် အရိပ်အမြွက်ပြခဲ့သေးသည်။

သို့ပေမဲ့ နောက်ဆုတ်ရမည့်အစား ချောင်မော့ယွီက အဓိကဇာတ်လိုက်နှစ်ဦးတို့၏ ဆက်ဆံရေးအား ကမောက်ကမ ဖြစ်အောင် ပတ်မွှေလိုက်သေးသည်။ ထို့နောက် သာမန် အလည်ပတ်လာသည့်ပုံလေးဖြင့် ရှင်းရီချန်က သူမကို စွဲမက်လာစေရန် မျှော်လင့်ချက်ဖြင့် ထိုသူ၏အရှေ့၌ သူမ၏အဝတ်အစားများအား ချွတ်ပြလိုက်သေးသည်။

တကယ်လို့ သူမ မှန်းတာသာမှန်မယ်ဆိုရင် ရှင်းရီချန်က ဆေးခတ်ထားတဲ့ရေအား သောက်ထားပြီးသား ဖြစ်ရပေမည်။ မူလ ခန္ဓာကိုယ်ပိုင်ရှင် အမျိုးသမီး၏ရည်ရွယ်ချက်က ဟိုတယ်၌ ရှင်းရီချန်နှင့်တူတူအိပ်ရန်ဖြစ်ပြီး သူမ ကလေးကိုခေါ်လာကာ ထိုကလေးက သူ၏ကလေးဖြစ်သည်ဟု ပြောရန်အတွက်ဖြစ်သည်။

အခုလက်ရှိ ချောင်မော့ယွီကတော့ ကြမ်းပြင်ပေါ်၌ ဆောင့်ကြောင့်ထိုင်

ကာ သူမရဲ့ခန္ဓာကိုယ်အား ယောကျ်ားတစ်ယောက်၏ စိုက်ကြည့်ခြင်းကို ခံနေရသဖြင့် စိတ်မသက်မသာဖြစ်နေကာ သူမ အိပ်မက်များ မက်နေသလားဟု ထိုင်တွေးတောနေမိသည်။

သူမမျက်လုံးများက အခန်းပတ်ပတ်လည်အား ဝေ့ဝိုက်ကြည့်နေပြီး သူမ၏ကိုယ်ပိုင်အဝတ်အစားအား ရှာဖွေနေပေတော့သည်။

အခန်းအား ဝေ့ဝိုက်ကြည့်နေဆဲမှာပဲ ချောင်မော့ယွီက

**တကယ်လို့ ရှင်းရီချန်သာ ဆေးခတ်ထားတဲ့အရည်ကိုသောက်ခဲ့ရင်တောင်မှ သူမကိုတော့ ဘာမှတော့မလုပ်ပါဘူးနော်၊ ဟုတ်တယ်မလား။ ပြီးတော့ ဇာတ်လမ်းမှာပြောထားတာက ဒီအကောင်က ရေချိုးခန်းထဲ ပြေးသွားပြီးတော့ ရေအေးအေးအောက်မှာ ဖျားသွားခဲ့ရင်တောင်မှ ဒီအတိုင်းရပ်နေတာဆို သူ့ငယ်သူငယ်ချင်းကို ထိမဲ့အစားပေါ့။**

ထိုအတွေးဖြင့် ချောင်မော့ယွီက ရုတ်တရက်ကြီး စိတ်သက်သာရာရသွားမိသည်။ အကြောင်းမှာ သူမ၏ ကိုယ်ပိုင်ကမ္ဘာမှ နေ့စဉ်ဘဝက အမြဲလိုလို ခက်ခဲနေပြီးသားကြောင့်မို့လို့ပင်။

မည်သည့်အချိန်က စတင်ခဲ့မှန်း မသိသော်ငြား သူမ ပတ်ဝန်းကျင်က လူတွေက သူမသည် ကံကောင်းစေသည့်ရောင်စုံငါးကြင်းတစ်ကောင် လမ်းလျှောက်သွားနေသကဲ့သို့နှင့် တူသည်ဟု ရှာဖွေတွေ့ရှိသွားခဲ့သည်။ သူမ လက်ကို ထိလိုက်သည်နှင့် တစ်စုံတစ်ယောက်ဟာ ကံကောင်းမှုကြီးက ချက်ချင်းခုန်ထွက်လာသလို ယွမ် ၁၀ ချက်ချင်း ကောက်ရပေ၏။

ဥပမာအနေဖြင့် သူမက တစ်နေ့၌ လူငယ်တစ်ယောက်၏ ပခုံးကို နှစ်ကြိမ်တိတိတိုက်မိသွားခဲ့သည်။ ထိုလူငယ် ထွက်သွားသည်နှင့် မိန်းကလေးနှစ်ယောက်ဟာ ထိုလူငယ်အား လက်ထပ်ရန်အတွက် အပြေးလိုက်သွားခဲ့သည်။ ထိုမိန်းကလေးများက ထိုလူငယ်၏ ဇနီးနေရာအတွက်

မျက်နှာချင်းဆိုင်တောင် ရန်ပွဲဆင်နွှဲလိုက်သေးသည်။

ထိုကြောင့် ချောင်မော့ယွီကို ကမ္ဘာ၌ လမ်းလျှောက်သွားနေသည့် ရတနာတစ်ပါးပမာ လူတို့က သူမနားတွင် တစ်နေ့လုံးကော်ဖြင့်ကပ်ထားသည့်ပမာ လာရောက်စေးကပ်နေကြပေတော့သည်။ တကယ်လို့ သူတို့က သူမဆီ မကပ်နိုင်လျှင်တောင်မှ သူမကို နှစ်ကြိမ် ထိတွေ့လိုက်ရုံမျှဖြင့် သူတို့အတွက် လုံလောက်နေပေပြီဖြစ်သည်။

ကျေးဇူးတင်စရာကောင်းသည်မှာ သူမ၌ ကြွက်သား ခပ်တောင့်တောင့် အစ်ကို တစ်ယောက် ရှိနေတာပဲ ဖြစ်သည်။ သူမ အစ်ကိုဟာ သူ့ညီမလေးအား ထိပါးလာသည့် မည်သူ့ကိုမဆို မသေရုံတမယ် ရိုက်နှက်ပေးလိုက်သည်။

ဒါပေမဲ့ ဒီလိုတောင်မှ ခက်ခဲနေတုန်းပဲ။ ဒါပေမဲ့ သူမ အစ်ကိုက အမြဲတမ်း သူမအနောက်ကိုတော့မလိုက်နိုင်ဘူးလေ။ ဥပမာ အမျိုးသမီးသန့်စင်ခန်းဆိုရင်ပေါ့။

ထို့ကြောင့် သူမက ထိုခေါင်းခဲစရာကိစ္စများအား မကြာခဏဆိုသလို ဖြေရှင်းနေရပေတော့သည်။ သူမက လူတွေကို စိတ်ဆိုးဆိုးဖြင့် ခြိမ်းခြောက်သော်လည်း သူမဆီကို နီးနီးကပ်ကပ်လာထိပြီး အောင်မြင်သွားသည့် သူတွေကတော့ရှိနေဆဲပင်။

မမျှော်လင့်ထားသည်ကတော့ သူမက အိပ်မက်ထဲ၌ သူမကို လုံးဝမနှစ်မြို့သောသူ၊ ထိချင်စိတ်မရှိဘူးဟု မျက်နှာ၌ ဖော်ပြနေသောသူ အရှေ့၌ ထိုကဲ့သို့ အဆုံးသတ်သွားလိမ့်မည်လို့ မထင်မိတာပင်။ ချောင်မော့ယွီသည် သူမ၏ကမ္ဘာကကဲ့သို့ အထိမခံရသောကြောင့် အလွန်အမင်းကျေနပ်ပြီး ပျော်ရွှင်နေပေတော့သည်။

သို့ပေမဲ့ ထိုအချိန်၌ သူမကို အလွန်မုန်းနေသည့် အနီလူသားဟာ သူမကို

အေးစက်သည့်အသံဖြင့်

"မင်းဘာလို့ မထွက်သွားသေးတာလဲ"

ချောင်မော့ယွီက ထိုအရာအားလုံးကို အိပ်မက်ဟူ၍ တွေးပြီး ပျော်ပျော်ရွှင်ရွှင်ဖြင့် ချက်ချင်းပြန်ပက်ပြောလိုက်သည်။

"ဒီလိုဆို ရှင်က ကျွန်မရဲ့တစ်ညအိပ်အပျော်ကောင်လေး ဖြစ်လာပေးရမှာနော်"

ငါလေးကဘာလို့ ဒီအတိုင်းလိုမ့်ပြီးတော့ ထွက်သွားပေးရမှာလဲ၊ ဆုတောင်းလိုက်။

သူမ ပြောသည်ကို ကြားလိုက်သည်နှင့် ရှင်းရီချန်က ဆွံ့အသွားပေတော့သည်။ သူ့မျက်ခုံးများဟာ ယခင်ကထက်ကို စိတ်အလိုမကျမှုကြောင့် ပိုပြီးတော့ ထိစပ်လုနီးပါးဖြစ်နေတော့သည်။

"အရှက်မရှိတာ"

***